ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပဲခူးတိုင်းဒေသကြီးအတွင်း ကျောက်ကြီးထုတ်လုပ်ငန်းများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

(က) လုပ်သားများအတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားရန် ၊

(ခ) လုပ်သားများ လုပ်ငန်းဆောင်ရွက်ချိန်တွင် ဦးထုပ် ၊ လက်အိတ်၊ ဖိနပ်နှင့် နှာခေါင်းစည်း အစရှိသော Safety Equipments များ ဝတ်ဆင်လုပ်ကိုင်စေရန်၊

(ဂ) ကျောက်ကြီးထုတ်လုပ်ငန်းကြောင့် အနီးပတ်ဝန်းကျင်ရှိဒေသခံများ၏ ကျန်းမာရေး လူမှုရေး နှင့်ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေရန်နှင့် အနည်းဆုံးဖြစ်စေရန်အတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆန္ဒနှင့် သဘောထားများ ရယူဆောင်ရွက်သွားရန်၊

(ဃ) ကျောက်ကြီးထုတ်ယူရန် သတ်မှတ်ပေးထားသော ဧရိယာအတွင်းတွင်သာ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ပေးထားသောဧရိယာကိုကျော်လွန်၍ ထုတ်ယူခြင်းမပြုလုပ်ရန်၊

(င) လုပ်ငန်းခွင်တွင်အသုံးပြုသော စက်နှင့်ယမ်းများကြောင့် လုပ်သားများနှင့် အနီးရှိဒေသခံများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ထိတ်လန့်ခြင်းနှင့် စိတ်အနှောင့်အယှက် ဖြစ်ခြင်းများမဖြစ်ပေါ်စေရေး အထူးဂရုစိုက်ဆောင်ရွက်ရန်၊

(စ) ယမ်းဖြင့် ကျောက်တောင်ကို ဖြိုခွဲမည်ဆိုပါက မိမိတို့လုပ်ငန်းဆောင်ရွက်မည့်အချိန်ကို အများပြည်သူသိရှိအောင် ကြေငြာထားရန်

(ဆ) စွန့်ပစ်ပစ္စည်းဖြစ်သော ကျောက်မှုန်များနှင့်မြေစာများကို ကျောက်ကြီးထုတ်ရာမှ ဖြစ်ပေါ်လာသော ကျင်းချိုင့်များအတွင်း ပြန်လည်မြေဖို့ဆောင်ရွက်သွားရန်၊

(ဇ) ကျောက်ကြီးတူးဖော်ထုတ်လုပ်ရာတွင် ကျောက်တောင်များ၊ သဘာဝပေါက်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို တတ်နိုင်သမျှထိခိုက်မှုအနည်းဆုံး နည်းလမ်းများဖြင့် လုပ်ကိုင်ဆောင်ရွက်သွားရန်၊

(ဈ) မိမိတို့တူးဖော်ထုတ်လုပ်သောကျောက်တောင်ပတ်ဝန်းကျင်တွင်သော်လည်းကောင်း၊ အခြားသင့်တော်သော နေရာတွင်သော်လည်းကောင်း သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက် သွားရန်၊

(ည) လုပ်ငန်းများအား ညဘက်လူခြေတိတ်ချိန်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန်၊

(ဋ) ကျောက်ကြီးရောင်းချရန်အသုံးပြုသော မော်တော်ကား လမ်းဘေးဝဲ/ယာရှိ လူနေရပ်ကွက်များ၊ ကျေးရွာများနှင့် မြို့များရှိ ပြည်သူလူထုအား ကျောက်ကြီးသယ်ကားများဖြတ်သန်းမောင်းနှင်မှုများကြောင့် အသံဆူညံ၍ ညဘက်အိပ်မရခြင်း၊ လမ်းဖုန်ထ၍အသက်ရှူကြပ်ခြင်းနှင့်လမ်းမျက်နှာပြင် ပျက်စီးခြင်းများကြောင့်ထိခိုက်နစ်နာမှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန်၊

( ဌ ) မိမိတို့ ကျောက်ကြီးလုပ်ငန်းဆောင်ရွက်သည့် ဒေသပတ်ဝန်းကျင်ရှိ ကျေးလက်ပြည်သူများ၏လိုအပ်ချက် ( ဥပမာ- လမ်းဖောက်ခြင်း ၊ သာရေး ၊ နာရေး ) များကို တတ်နိုင်သမျှပါဝင်ဆောင်ရွက်ပေးရန်၊

( ၃ ) အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Management Plan-EMP) ကို ဆောင်ရွက်ပြီးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်နှင့် အစီရင်ခံစာတွင်ဖော်ပြထားသည့်အတိုင်း မြေပြင်၌ ဆောင်ရွက်ရန်၊

( ဃ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကိုဖြစ်စေသည့်ပစ္စည်းများအား သတ်မှတ်ထားသည့်ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့်စုပုံခြင်းများပြုလုပ်ရန်၊

(ဏ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း ၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ထိန်းချုပ်ရန်၊စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေး ပစ္စည်း ကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရန်၊ ယင်းသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်၊

(တ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီလိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၊

(ထ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးပါက စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ထားရှိရန်။